# Samsung Galaxy SIII ကို စသုံးတဲ့အခါ အသုံးဝင်မယ့် အချက် ၄ ခု

Samsung ရဲ့ အထူးပြုလုပ်ဆောင်ချက်တွေတစ်ပွေ့တစ်ပိုက်ကြီးပါဝင်တဲ့ ICS နဲ့ Galaxy SIII ဟာ ကိုယ်ပိုင် customize လုပ်ဖို့နဲ့ interface မှာ အပြင်အဆင်လေးတွေ ပြုလုပ်ဖို့ကိုလည်း ပေးထားပါသေးတယ်။ အခုဖော်ပြပေးမှာကတော့ Galaxy SIII ကိုကိုယ့်ရဲ့အဖော်မွန်အဖြစ် ပိုပြီးအသုံးကျ အောင် လုပ်ပေးနိုင်မယ့် အချက် ၄ ခုပဲဖြစ်ပါတယ်။

## 1 မလိုချင်တဲ့ bloatware များ hide လုပ်ခြင်း

Computer အသစ်တွေလိုပါပဲ Galaxy SIII မှာ app တွေ service တွေ တော်တော်များများကို ထည့်သွင်းပေးထားပြီးသားဖြစ်ပါတယ်။ ဒီအရာတွေကို ထုတ်လုပ်သူက တစ်ပါတည်း ထည့်သွင်းပေးလိုက်တာဖြစ်လို့ ကိုယ်က uninstall တော့ လုပ်မပစ်လိုက်နိုင်ပေမယ့် မျက်စိရှေ့မှာ မြင်တွေ့မနေရအောင်တော့ လုပ်ထားနိုင်ပါတယ်။

Bloatware app တစ်ခုကို disable လုပ်ထားဖို့ဆိုရင် ကိုယ်လုပ်ချင်တဲ့ app ကို app drawer ထဲမှာရှာပါ။ တွေ့ရင် tap လုပ်ပြီးကိုင်ထားကာ app info ထဲကို ဆွဲဖွင့်လိုက်ပါ။ အဲဒီကနေတစ်ဆင့် disable ကို tap လုပ်ထားလိုက်ရင် အဲဒီ app ကို app drawer ထဲမှာ မြင်ရတော့မှာမဟုတ်ပါဘူး။ ကိုယ်မမြင်ချင်တဲ့ app တိုင်းကို တစ်ခုပြီးတစ်ခု ဒီနည်းနဲ့ hide လုပ်နိုင်ပါတယ်။ တကယ်လို့ ကိုယ်က hide လုပ်ထားမိတဲ့ app တွေကို ပြန်တွေ့ချင် မြင်ချင်တယ်ဆိုရင်တော့ Settings ထဲက Application Manager ထဲကိုသွားပြီး hide ဖြစ်နေတဲ့ app ကို tap လုပ်ပြီး enable လုပ်ပေးရပါမယ်။









## ❷ Lock screen ကို customize လုပ်ခြင်း

ကိုယ့် favorite app တွေနဲ့ widget တွေဆီကို အမြန်ဆုံးနည်းနဲ့ ရောက်နိုင်အောင်လို Galaxy SIII မှာ လုပ်ထားနိုင်ပါတယ်။ ကိုယ့်ရဲ့ lock screen ကို app တွေ၊ widget တွေနဲ့ camera တို့ကို ဖွင့်ပေးမယ့် shortcut တွေနဲ့ အပြည့်အဝ customize လုပ်နိုင်ပါတယ်။ ဒီလိုတွေလုပ်ဖို့ဆိုရင် ပထမဆုံးတော့ screen lock တွေကို ဖယ်ပစ်ရပါမယ်။ ( PIN no ၊ face unlock စတဲ့ unlock method တွေကိုပြောတာဖြစ်ပါတယ်။)ဒီလိုလုပ်တာက လုံခြုံရေးကို ထိခိုက်ရာရောက်တာကြောင့် မကြိုက်ဘူးဆိုရင်တော့ ဒီ နံပါတ် ၂ အချက်ကို ဆက်မဖတ်ဘဲ နောက်တစ်ခုကို ကျော်သွားလိုက်ပါ။ တကယ်လို့ se-curity ကို ဂရုမစိုက် ဘူးဆိုရင်တော့ ဆက်ပြီးတော့ ဖတ်လို့ရပါတယ်။

ကိုယ်လိုချင်တဲ့ပုံစံမျိုး customize လုပ်ဖို့ဆိုရင် Settings ထဲက Security ထဲက 6263 Lock Screen Options ကိုသွားပါ၊ အဲဒီမှာ lock screen မှာပေါ်နေစေချင်တဲ့ item တွေကို ရွေးချယ်ပေးရပါမယ်။ App တွေရဲ့ shortcut တွေကို အပြောင်းအလဲ လုပ်ချင် ရင်တော့ Lock Screen Options settings ထဲက Shortcuts ကို tap လုပ်ပြီးပြောင်းနိုင် ပါတယ်၊

## ❸ S Voice ရဲ့ အခြေခံကို လေ့လာခြင်း

SIII မှာပါဝင်တဲ့ S Voice ဆိုတဲ့ voice recognition လုပ်ဆောင်ချက်ဟာ ကိုယ့်ရဲ့ PA သဘောမျိုး လုပ်ဆောင်နိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထည့်သွင်းပေးထားတာ ဖြစ်ပါတယ်။ S Voice ကိုအသုံးပြုဖို့ဆိုရင် အဓိကလိုအပ်ချက်ကတော့ command တွေကို သိထားဖို့ပဲဖြစ်ပါတယ်။ ကိုယ်သုံးလို့ရမယ့် command တွေက ဘာတွေဖြစ်မလဲ လို့သိချင်ရင် S Voice ကိုဖွင့်ပြီး "What can I say?" လို့ ပြောလိုက်ပါ။ သုံးလို့ရနိုင်တဲ့ command တွေကို screen ပေါ်မှာ ဖော်ပြပေးပါလိမ့်မယ်။

S Voice ရဲ့ setting ထဲကိုဝင်ပြီး tweak လုပ်ထားလို့ရနိုင်ပါသေးတယ်။ အဲဒီလုပ်ဆောင်ချက် ကိုဖွင့်ထားတုန်းမှာ menu button ကို tap လုပ်ပြီး S Voice ရဲ့ setting ထဲကို ဝင်လိုက်ပါ၊ အဲဒီမှာ ကိုယ့်ရဲ့ အိမ်လိပ်စာကို ထည့်ထားပေးပြီးရင် "How do I get home?" ဆိုတဲ့ command ကိုအသုံးပြုလို့ ရပါပြီ။ နောက်တစ်ခုကတော့ Wake up command ပဲဖြစ်ပါတယ်။ ဒါကိုသာ enable လုပ်ထားလိုက်ရင် ဘယ်အချိန်မဆို S Voice ကို command တစ်ခုခုသုံးပြီး ခေါ်ယူနိုင်ပြီဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီလို လုပ်ထားရင် battery သက်တမ်းပေါ်မှာတော့ အကျိုးသက်ရောက်မှု ရှိပါတယ်။

## ❹ Custom Vibration alert များ ဖန်တီးခြင်း

SIII မှာ Custom vibration alert တွေကို ကိုယ်တိုင်ဖန်တီးနိုင်ပါတယ်။ Settings ထဲက Sound ထဲက Device vibration ကို tap လုပ်ပါ။ ကိုယ် ဘယ်လိုပုံစံ vibration မျိုး လိုချင်သလဲဆိုတာကို စဉ်းစားပြီးတော့ recording စဖို့ circle ကို tap လုပ်လိုက်ပါ။ အားလုံးပြီးသွားရင်တော့ save လုပ်ထားပြီး default alert ဆိုပြီး သတ်မှတ်ထားဖို့ တော့လိုပါတယ်။

## Bonus tips

SIII ရဲ့ screen ပေါ်မှာ battery percentage ကို ဖော်ပြနေဖို့ဆိုရင် Settings ထဲက Display ထဲက Display battery percentage ဆိုတာကို အမှန်ခြစ်ထားရပါမယ်။ Keyboard ကို tweak လုပ်ဖို့ဆိုရင် Settings ထဲက Language and input ထဲက Samsung keyboard ဘေးက gear icon ကို tap လုပ်ပါ။ အဲဒီမှာ T9 Trace ကို ပိတ်ထားနိုင်ပြီး key တွေကို နှိပ်လိုက်တဲ့အချိန်မှာ အသံနဲ့ တုန်ခါမှုပြ ပေးဆိုတာကိုလည်း အဖွင့်အပိတ် လုပ်ထားနိုင်ပါတယ်။